The Standard Time Daily
www.sdtimedaily.com
www.facebook.com/standardtimedaily

ပျော်ရွှင်ဖွယ်ရာ ဖတ်စရာ တရုတ်နိုင်ငံမှာ

# ပုံစံသစ်စာအုပ်ဆိုင်က "ပျော်ရွှင်ဖွယ်ရာ ဖတ်စရာ"ကမ္ဘာသစ်ကို ဖွင့်လှစ်နိုင်ခဲ့

စာအုပ်ဆိုင်သည် အဓိကကျသော ယဉ်ကျေးမှုအရောင်းနေရာနှင့် ယဉ်ကျေးမှုဝန်ဆောင်မှုနေရာ တစ်ခုဖြစ်ပါသည်။ တစ်ချိန်က စာအုပ်ဆိုင်သည် စာအုပ်ဝယ်ယူသည့် အကောင်းဆုံးသော နေရာဖြစ်ကာ မြို့ပြအတွက် ယဉ်ကျေးမှုပြန့်ပွားရေးနှင့် အတွေးအခေါ် ဆွေးနွေးဖလှယ်ရေး၏ ပလက်ဖောင်းတစ်ခုအဖြစ် တည်ရှိနေပါသည်။ ယနေ့ခေတ်တွင်တော့ အီလက်ထရွန်နစ် စာဖတ်ခြင်း၏ ထွန်းသစ်လာမှုနှင့် ဈေးကွက်လိုအပ်ချက်များ၏ ပြောင်းလဲလာမှုနှင့်အတူ စာအုပ်ဆိုင်များသည်လည်း ပုံစံအမျိုးမျိုး အဆက်မပြတ် ပြောင်းလဲလာ၍ ပိုမိုကြွယ်ဝပြီး စိတ်ဝင်စားဖွယ်ကောင်းသော ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ချက်ကို စူးစမ်းရှာဖွေနေကြပါသည်။

ဧပြီလ ၂၃ ရက်နေ့သည် ကမ္ဘာ့စာဖတ်နေ့ဖြစ်ပြီး ထိုနေ့တွင် တတိယအကြိမ်မြောက် တရုတ်နိုင်ငံပြည်သူတစ်ရပ်လုံး စာဖတ်ပွဲကြီးကို ယူနန်ပြည်နယ် ကူမင်းမြို့၌ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ကမ္ဘာ့စာဖတ်နေ့ ရောက်လာတော့မည့် အခါသမယတွင် ယူနန်အထူးဝိသေသများရှိနေသည့် ပုံစံသစ်စာအုပ်ဆိုင်သို့ ကျွန်ုပ်တို့ အတူတကွသွားရောက်ကာ "ပျော်ရွှင်ဖွယ် စာဖတ်စရာ" ခရီးစဉ်ကို စတင်၍ စာအုပ်ဆိုင်၏ "အသစ်"ဆိုသည်မှာ အဘယ်နည်းဆိုသည်ကို ကြည့်လိုက်ကြရအောင်ပါ။









## "နေရာလေး"က "စွမ်းအင်ကြီး"ကို သိမ်းဆည်းထား

ခုတင်တစ်လုံး၊ စာအုပ်တစ်အုပ်၊ အော်တိုစာအုပ်တစ်အုပ်... ကြိုက်နှစ်သက်ပါက တစ်ညလုံး သင်ဖတ်နေ၍ ရပါသည်။ နှစ်သက်ပါက စာအုပ်ကို ခေါင်းအုံး၍ သင်အိပ်စက်နိုင်ပါသည်။ ဤသည်မှာ ကူမင်းမြို့ ခဲဖျက်စာအုပ်ဆိုင်၏ ထူးခြားဆန်းကြယ်သော လက်တွေ့ခံစားချက် ဖြစ်ပါသည်။ နွေဦးမြို့၏ ကိုယ်ပိုင်စာအုပ်ဆိုင်တစ်ဆိုင်သည် ရှုခင်းသာများ၊ ယဉ်ကျေးမှုသွေးကြောနှင့် ဘဝနေထိုင်မှုတို့နှင့် ဆက်စပ်လျက် တည်ရှိနေပါသည်။ ခဲဖျက်စာအုပ်ဆိုင်သည် အပြင်ဘက်မှ ကြည့်လိုက်လျှင် ထူးခြားမှုရှိသည်ဟု မထင်ရသော်လည်း သင်ဝင်သွားလိုက်ပါက တစ်မူထူးခြားသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ စာအုပ်ဆိုင်အတွင်းပိုင်းသည် နေရာကျဉ်းမြောင်းသော်လည်း နေရာချထားမှုမှာ လွန်စွာစနစ်ကျပြီး ကွက်လပ်တိုင်းကို ကောင်းမွန်စွာ အသုံးချထားပါသည်။ စာအုပ်ဆိုင်၏ ဒုတိယထပ်တွင် ညအိပ်စာဖတ်ဧရိယာထားရှိပြီး ဧည့်သည်များသည် စာအုပ်ဆိုင်အတွင်း၌ တည်းခိုနိုင်ပါသည်။ ခုတင်ပေါ်တွင် အိပ်လျက် ညအခါ စာဖတ်ချိန်တွင် စိတ်နှလုံးသည်လည်း အေးဆေးငြိမ်သက်လာမည် ဖြစ်ပါသည်။

အစဉ်အလာ စာအုပ်ဆိုင်များနှင့် နှိုင်းယှဉ်ပါက ခဲဖျက်စာအုပ်ဆိုင်သည် ကုန်စုံဆိုင်တစ်ဆိုင်နှင့် အလားသဏ္ဌာန် တူညီလှပါသည်။ လက်မှုအနုပညာပစ္စည်းများ၊ ခရီးသွားအမှတ်တရပစ္စည်းများသည် မြင့်မားလှသော စာအုပ်ပုံကြီးထဲတွင်"ရောစပ်"နေပါသည်။ နံရံပေါ်တွင် ချိတ်ဆွဲထားသော ဆိုင်ပိုင်ရှင်၏ စာအုပ်ပေါ်အကဲဖြတ်အကြံပြုမှုနှင့် ဧည့်သည်များ၏ အကြံပြုစာများသည် တစ်ရွက်ချင်းကြည့်သွားလျှင်ပင် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသော လူများနှင့် သိကျွမ်းလိုက်ရသည်ဟု ထင်မြင်စရာ ရှိပါသည်။

"ကျွန်တော့်သမီးက ပြန်တောင်မပြန်ချင်တော့ဘူး။" ကွမ်ရှီးကျွမ့်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်မြို့မှလာသည် ခရီးသည် မစ္စတာလီတို့မိသားစုသည် စာအုပ်ဆိုင်တွင် အချိန်နှစ်နာရီကျော်ကြာ ခေတ္တရပ်နားခဲ့ပါတယ်။ "ဒီစာအုပ်ဆိုင်က အင်မတန်သေသပ်ပါတယ်။ စာကြည့်တိုက်နဲ့ အတော်လေး ကွာခြားပါတယ်။ အထဲမှာ အခုခေတ်စားနေတဲ့ ဝတ္ထုတွေ အများကြီး ရှိနေတော့ ကျွန်တော်နဲ့ သမီးလေးက အင်မတန်သဘောကျပါတယ်။ အဲဒီလက်မှုအနုပညာပစ္စည်းလေးတွေ၊ ကစားစရာလေးတွေကလည်း အလွန်စိတ်ဝင်စားဖို့ ကောင်းပါတယ်။"မစ္စတာလီတို့မိသားစုသည် စာအုပ်ဆိုင်အတွင်း လည်ပတ်နေရင်း အချိန်ကိုပင် မေ့သွားခဲ့ကြပါသည်။

## လမ်းကြားလေး အတွင်းပိုင်းမှ ဆိတ်ငြိမ်သော အချိန်ကာလ

"ဒီလမ်းထဲမှာ တရုတ်နိုင်ငံရဲ့ အထူးချွန်ဆုံးသော ပညာတတ်တချို့နဲ့ မမျှော်လင့်ဘဲ သင်တွေ့ဆုံနိုင်ပါတယ်။"ကူမင်းမြို့"ဆင်ကြီးစာအုပ်ဆိုင်"တွင် တရုတ်နိုင်ငံမှ ကဗျာဆရာ ယွီကျန်းသည် ဤစာသားကို နံရံပေါ်တွင် ရိုက်နှိပ်ထားပြီး သေချာစွာ အသေးစိတ် နားလည်စေရန် ဖတ်ရှုလေ့ရှိပါသည်။ ရေးထားသည်မှာ ၂၀ ရာစု ၁၉၄၀ ပြည့်နှစ်ပိုင်းမှ စာပေဥယျာဉ်လမ်းအနီးမှ ရှေးဟောင်းနှောင်းဖြစ်အကြောင်း ဖြစ်ပါသည်။

ဆင်ကြီးစာအုပ်ဆိုင်သည် ကူမင်းမြို့၏ စာပေဥယျာဉ်လမ်း ယဉ်ကျေးမှုလမ်းကြားထဲတွင် မြို့ပြအတွင်း၌ ပုန်းအောင်းနေသည့် ရတနာသိုက်စာအုပ်တိုက် ဖြစ်ပါသည်။ ထင်သာမှုမရှိသော လမ်းကြားသံတံခါးမှ ဝင်သွားပြီး လှေကားအတိုင်း အောက်သို့ ဆင်းခဲ့ပါက အကွေ့တစ်နေရာတွင် "ဆင်ကြီး" ဆိုသော စာနှစ်လုံးကို မြင်နိုင်ပါသည်။ စာအုပ်ဆိုင်ထဲတွင် မိဘများမှ ကလေးငယ်များကို လက်ဆွဲ၍ ထူထဲလှသော စာပေအငွေ့အသက်ကို လာရောက်ခံစားသည့် ခရီးသည်များ ရှိသကဲ့သို့ ဆိတ်ငြိမ်စွာစာဖတ်နေသော သို့မဟုတ် တီးတိုးသံများဖြင့် ခံစားချက်များကို အပြန်အလှန် ဖလှယ်နေကြသော မြို့နေပြည်သူများလည်း ရှိနေပါသည်။ အချို့လူများမှာ ကော်ဖီသောက်ရင်း ငေးမောရင်းဖြင့် ဤကဲ့သို့ ဆိတ်ငြိမ်သော တဒင်္ဂကို ခံစားနေတတ်ကြပါသည်။

"တံခါးဝမှာ စာအုပ်ပိုက်ပြီး ငိုက်နေတဲ့ ဆင်ကြီးက လွတ်လပ်ပြီး နှစ်သက်သဘောကျနေပုံက စာအုပ်ဆိုင်ရဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ယောက်လို ရှိနေပါတယ်။ နိုင်ငံခြားဘာသာစာအုပ်တွေ၊ ခေတ်ကာလ ကြာမြင့်တဲ့ မဂ္ဂဇင်းတွေကိုလည်း ဒီနေရာမှာ ရှာတွေ့နိုင်တဲ့အတွက် လွန်စွာမှာ အဓိပ္ပာယ်ရှိလှပါတယ်"ဟု စီချွမ်ပြည်နယ် ချိန်တူးမြို့မှ ကိုယ်တိုင်ကားမောင်း၍ ခရီးထွက်ကာ ကူမင်းမြို့သို့ လာရောက်လည်ပတ်သည့် မစ္စဆောင်က ပြောပါသည်။

## "မြို့နေပြည်သူပြည်သားများ၏ စာကြည့်ခန်း"ဖြစ်သကဲ့သို့ "မြို့ပြဧည့်ခန်း"လည်း ဖြစ်သည်

ယူနန်ပြည်နယ် အရှေ့တောင်ပိုင်းဒေသရှိ မုန်စစ်မြို့တွင် အနောက်တောင်ပိုင်းတဲ့ဖက်တက္ကသိုလ် ရှေ့ပြေးစာအုပ်ဆိုင်သည် သမိုင်းနှင့် မော်ဒန်ခေတ်ကိုပေါင်းစပ်ထားသည့် ပုံစံသစ်အများပြည်သူ စာပေဖတ်ရှုနိုင်သည့် စာအုပ်ဆိုင်တစ်ဆိုင်ဖြစ်ပြီး စာအုပ်ဆိုင်အတွင်းတွင် အမျိုးမျိုးသော အကြောင်းအရာ ယဉ်ကျေးမှု ဖန်တီးထုတ်ကုန်များသည် စုံလင်စွာ ရှိနေပါသည်။ ၂၀၂၃ ခုနှစ် မတ်လတွင် စတင်ဖွင့်လှစ်ခဲ့ချိန်မှစတင်ကာ စာအုပ်ဆိုင်သည် မိမိကိုယ်တိုင် ရေးဆွဲစီမံမှုများဖြင့် တေးကဗျာမျှဝေပွဲ၊ စိတ်ကူးအကြောင်းအရာပြပွဲ၊ ယဉ်ကျေးမှုဈေးပွဲတော်၊ အနုပညာလက်ရာပြပွဲစသည့်လှုပ်ရှားမှု၂၀ ကျော်ကို ကျင်းပခဲ့ပြီး စာဖတ်ပရိသတ်များကို ကြွယ်ဝ၍ အဓိပ္ပာယ်ပြည့်ဝသော ယဉ်ကျေးမှုလက်တွေ့ခံစားခြင်းကို ပေးစွမ်းနိုင်ခဲ့ပါသည်။

ယခုအခါတွင် ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်တိုင်း သို့မဟုတ် ညချမ်းအခါတိုင်းတွင် "ရှေ့ပြေးစာအုပ်ဆိုင်သို့ စာအုပ်သွားဖတ်ခြင်း"သည် မြို့နေပြည်သူပြည်သားများ၏ ရွေးချယ်မှုတစ်ခု ဖြစ်လာခဲ့ပြီး စာအုပ်ဆိုင်ဖွင့်လှစ်လာသည့်အချိန်မှ စတင်ကာ နေ့စဉ်လာရောက်သည့် ခရီးသွားအရေအတွက်သည် လူဦးရေ ၆၀၀၀ မှ ၇၀၀၀ အကြား ရှိနေပါသည်။ မုန်စစ်၏ နာမည်အကျော်ကြားဆုံးသော "အွန်လိုင်းဆယ်လီ"နေရာများထဲမှတစ်ခု ဖြစ်လာခဲ့ပါတယ်။ ကောင်းမွန်သော ယဉ်ကျေးမှု လက်တွေ့ခံစားခြင်းသည် အနောက်တောင်ပိုင်းတဲ့ဖက်တက္ကသိုလ်ဆိုသည့် မုန်စစ်၏ စိတ်ဓာတ်ယဉ်ကျေးမှုသွေးကြောကို အဆက်မပြတ် မြင်တွေ့နိုင်၊ နားလည်နိုင်၊ ပြန့်ပွားစေနိုင်ခဲ့ပါသည်။

အထွေထွေဆောင်းပါး

**ဆက်စပ်ဖတ်ရှုရန် ။ ။**

လူ့ဘောင်အဖွဲ့အစည်းတစ်ခုလုံး စာပေဖတ်ရှုမှုတွင် ပါဝင်လာစေရေး ဦးဆောင်ပေးနိုင်ရန်၊ "စာဖတ်ခြင်းကို နှစ်သက်ခြင်း၊ စာအုပ်ကောင်း ဖတ်ရှုခြင်း၊ စာအုပ်ကောင်း ဖတ်တတ်ခြင်း"ဆိုသည့် ပတ်ဝန်းကျင်ဖြစ်လာစေရန် လမ်းညွှန်ပေးနိုင်ရေးအတွက် ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ပထမဆုံးအကြိမ် ပြည်သူတစ်ရပ်လုံး စာဖတ်ပွဲကြီးကို ကျင်းပခဲ့ပါသည်။ ယခုနှစ် ဧပြီလ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့တွင် တတိယအကြိမ်မြောက် ပြည်သူတစ်ရပ်လုံး စာဖတ်ပွဲကြီးကို ကူမင်းမြို့တွင် ကျင်းပသွားမည် ဖြစ်ပါသည်။

